စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၂၁/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၅) ရက်

| ၉- ၁၀- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၄၃၇.၇၉ |
| စင်္ကာပူဒေါ်လာ | ၁,၆၁၈.၉၃ |
| စတာလင်ပေါင် | ၂,၈၀၄.၄၅ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၇၁.၁၂ |
| တရုတ်ယွမ် | ၂၉၄.၆၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၉၀ |
| အိန္ဒိယရူပီး | ၂၃.၆၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၇.၅၉ |
| မလေးရှား ရင်းဂစ် | ၄၉၇.၆၉ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၀၂ |
| ရုရှားရူဘယ် | ၂၅.၈၄ |
| ထိုင်းဘတ် | ၆၄.၃၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၇ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယနိုင်ငံ၏ ၂၀၂၅-၂၆ ခုနှစ်အတွက် မိုးရာသီကောက်ပဲသီးနှံ အထွက်နှုန်းသည် တန်ချိန် ၁၇၁.၃၉ သန်း ရည်မှန်းချက်ထက် ကျော်လွန်ဖွယ်ရှိဟု စိုက်ပျိုးရေးကော်မရှင်နာပြော

➢ အိန္ဒိယနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန် ရုရှားဒုတိယဝန်ကြီးချုပ် ဒီမီထရီပက်ထရူရှက်ဗ် စိတ်ဝင်စား

➢ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) သည် အိန္ဒိယ အပါအဝင် အာရှရှိ အသေးစားကော်ဖီစိုက်ပျိုးသူများကို ပံ့ပိုးရန် ECOM အား အမေရိကန်ဒေါ်လာ ၇၅ သန်း ချေးငွေပေးအပ်

➢ သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသော ထိခိုက်မှုအန္တရာယ်နှင့် ကြုံတွေ့ရသည့် ဒါဂျီလင် (Darjeeling) လက်ဖက်လုပ်ငန်း

- **အထွေထွေသတင်းများ**

➢ ယူကေနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ သုံးနှစ်အတွင်း တတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်လာမည့် ခရီးစဉ်တွင် အကောင်းဆုံးမိတ်ဖက်အဖြစ် ပါဝင်ရန် အသင့်တော်ဆုံးဟု ယူကေဝန်ကြီးချုပ် ပြောကြား

➢ ရုရှားသည် ခဝတ်ဆီနှင့် ဒီဇယ်ဆီတင်ပို့မှုကို နှစ်ကုန်အထိတားမြစ်

➢ ရုရှားရေနံကို အိန္ဒိယ ဆက်လက်ဝယ်ယူမည်

- အိန္ဒိယနိုင်ငံနှင့် ဥရောပသမဂ္ဂလွပ်လပ်စွာကုန်သွယ်မှုအသင်း (EFTA) တို့ အကြား သမိုင်းဝင်ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Trade and Economic Partnership Agreement - TEPA) စတင် အသက်ဝင်

## အိန္ဒိယနိုင်ငံ၏ ၂၀၂၅ -၂၆ ခုနှစ်အတွက် မိုးရာသီကောက်ပဲသီးနှံ အထွက်နှုန်းသည် တန်ချိန် ၁၇၁.၃၉ သန်း ရည်မှန်းချက်ထက် ကျော်လွန်ဖွယ်ရှိဟု စိုက်ပျိုးရေးကော်မရှင်နာပြော

စိုက်ဧက ပိုမိုကျယ်ပြန့်လာခြင်းနှင့် မုတ်သုံမိုးကောင်းမွန်ခြင်းတို့ကြောင့် ၂၀၂၅-၂၆ စိုက်ပျိုးရေးနှစ် (ဇူလိုင်-ဇွန်) အတွက် မိုးရာသီကောက်ပဲသီးနှံထွက်ရှိမှုသည် အစိုးရ၏ လျာထားချက်ဖြစ်သော တန်ချိန် ၁၇၁.၃၉ သန်းကို ကျော်လွန်နိုင်ဖွယ်ရှိကြောင်း စိုက်ပျိုးရေးကော်မရှင် နာ P K Singh က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

စိုက်ဧကနည်းပါးသော်လည်း ဆီထွက်သီးနှံများနှင့် ပဲမျိုးစုံသီးနှံများ၏ ရှေ့အလားအလာမှာ သီးနှံအခြေအနေကောင်းမွန်သည့်အတွက် အထွက်နှုန်းမြင့်မားမည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ပြောကြားထားသည်။

Singh က PTI သတင်းဌာနသို့ ပြောကြားရာတွင် မိုးရာသီအတွင်း စုစုပေါင်းစိုက်ဧကနှင့် ယှဉ်လျှင်ရေကြီးမှုနှင့် မိုးသည်းထန်မှုတို့ကြောင့် သီးနှံပျက်စီးမှုမှာ အနည်းငယ်မျှသာရှိကြောင်း ဖော်ပြခဲ့သည်။

Biological Agri Solutions Association of India (BSAI) မှ စီစဉ်ကျင်းပသော အခမ်းအနားတစ်ခုတွင် Singh က သီးနှံအခြေအနေများသည် ကောင်းမွန်ကြောင်း၊ စုစုပေါင်းမိုးရာသီကောက်ပဲသီးနှံထုတ်လုပ်မှုသည် ယခုနှစ်အတွက် မိမိတို့ရည်မှန်းချက်ထက် ပိုမိုထွက်ရှိနိုင်သည်ဟု ပြောကြားခဲ့သည်။

စပါးနှင့် ပြောင်း စိုက်ဧကတိုးတက်မှုကြောင့် မိုးရာသီ သီးနှံများ၏ စိုက်ဧကသည် ယခင်နှစ်များက ဟက်တာ ၁၀၉.၅ သန်းသာရှိရာမှ ယခုနှစ်တွင် ဟက်တာ ၁၁၀ သန်းကျော်အထိ မြင့်တက်ကျော်လွန်သွားကြောင်း ၎င်းက ဆိုသည်။

အချို့ဒေသများတွင် ရေကြီးမှုနှင့် မိုးသည်းထန်မှုကြောင့် ပျက်စီးမှုများရှိခဲ့သော်လည်း စုစုပေါင်းစိုက်ဧကနှင့်နှိုင်းယှဉ်လျှင် ထိခိုက်ပျက်ဆီးမှုဧကမှာ နည်းပါးပါကြောင်းနှင့် အမှန်တကယ် ပျက်ဆီးဆုံးရှုံးမှုအခြေအနေကို ရေကျသည့်အခါမှသာ အတိအကျသိရှိရမည်ဖြစ်ကြောင်း Singh က ပြောကြားခဲ့သည်။

Agribusiness & Trade

ဆီထွက်သီးနှံများ၊ အထူးသဖြင့် ပဲပုပ်အတွက် စိုက်ဧက လျော့နည်းသော်လည်း သီးနှံအခြေအနေမှာ အလွန်ကောင်းမွန်နေသောကြောင့် ထွက်ရှိမှုနှုန်း ပိုမိုမြင့်မားနိုင်ခြေရှိကြောင်း၊ ပဲမျိုးစုံအတွက်လည်း အလားတူဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆောင်းရာသီစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးကော်မရှင်နာက ရာဂျစ်စတန်ပြည်နယ်တွင် စောစီးစွာရိတ်သိမ်းမှုဆောင်ရွက်ပြီးနောက် ဆောင်းသီးနှံများစတင် စိုက်ပျိုးလျက်ရှိကြောင်းနှင့် အခြားဒေသများတွင်လည်း ပြင်ဆင်မှုများ လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ရေကြီးမှုနှင့် မိုးသည်းထန်မှုတို့ကြောင့် သီးနှံပျက်စီးမှုများရှိခဲ့သော်လည်း မိုးရာသီကောက်ပဲသီးနှံအထွက်နှုန်းကောင်းမည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းလျက်ရှိနေမှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Khariff foodgrain 2025-26 output likely to exceed 171.39 MT target: Agri Commissioner, The Economic Times, September 22, 2025.

............................................................................................................

## အိန္ဒိယနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန် ရုရှားဒုတိယဝန်ကြီးချုပ် ဒီမီထရီပက်ထရူရှက်ဗ် စိတ်ဝင်စား

ရုရှား၏ ဒုတိယဝန်ကြီးချုပ် ဒီမီထရီပက်ထရူရှက်ဗ်သည် ပြီးခဲ့သည့် ကြာသပတေးနေ့က စတင်ခဲ့သော World Food India ကုန်စည်ပြပွဲသို့ တက်ရောက်ရန် ရုရှားကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ရောက်ရှိလာပြီး စိုက်ပျိုးရေးနှင့် ဓာတ်မြေဩဇာအပါအဝင် ဆက်စပ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ (Joint Ventures) လုပ်ဆောင်ရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရှိရသည်။

ရုရှားနိုင်ငံသည် ဓာတ်မြေဩဇာနှင့် အခြားစိုက်ပျိုးရေးဆိုင်ရာကဏ္ဍများတွင် ကမ္ဘာလုံးဆိုင်ရာ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေရာ အဆိုပါကဏ္ဍများတွင် အိန္ဒိယ-ရုရှား ပူးပေါင်းဆောင်ရွက်မှုသည် ဘက်ပေါင်းစုံကိုအားကောင်းစေပြီး ဝယ်သူ-ရောင်းသူ ဆက်ဆံရေးသက်သက်ထက် ကျော်လွန်၍ နှစ်နိုင်ငံ၏မိတ်ဖက်ဆက်ဆံရေးကို ရယူသွားမည်ဖြစ်ကြောင်း ယင်းကိစ္စနှင့် နီးစပ်မှုရှိ

သူတစ်ဦးက ရှင်းပြခဲ့သည်။ Patrushev ၏ ခရီးစဉ်သည် ရုရှားနိုင်ငံသို့ ပုစွန်များတင်ပို့ရန် နှစ်နိုင်ငံ မဟာဗျူဟာ ချမှတ်ရာတွင် အထောက်အကူဖြစ်စေနိုင်ကြောင်း သိရှိရပါသည်။

အိန္ဒိယမှ အမေရိကန်သို့ ပုစွန်တင်ပို့မှုသည်  အခွန်စည်းကြပ်မှု ၅၀ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီးနောက်တွင် ပြင်းထန်စွာထိခိုက်ခဲ့ပြီး ရုရှားသည် အိန္ဒိယပုစွန်တင်ပို့သူများအတွက် အကျိုးအမြတ်များသည့် ဈေးကွက်တစ်ခုဖြစ်လာနိုင်ကြောင်း သိရှိရသည်။ အိန္ဒိယသည် အမေရိကန်သို့ ပုစွန်အများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်ပြီး  နှစ်စဉ်ဒေါ်လာဘီလီယံပေါင်းများစွာတန်ဖိုးရှိ အိန္ဒိယ ပုစွန်တင်ပို့မှုအတွက် အကြီးဆုံးဈေးကွက်လည်းဖြစ်သည်။ သို့သော် အမေရိကန်သည် အိန္ဒိယ ပုစွန်များအပေါ် အစိုးရထောက်ပံ့မှုများအတွက် ကောက်ခံသည့်အခွန် ( anti-subsidy duties ) နှင့် စုပြုံတင်ပို့မှုအပေါ်ကောက်ခံသည့်အခွန် (anti-dumping duties) များအပါအဝင်  စုစုပေါင်း အကောက်ခွန်နှုန်း ၅၈% ကျော်အထိသက်ရောက်နိုင်သည့် အခွန်နှုန်းထားများကို ကောက်ခံလျက်ရှိသည့်အတွက် အိန္ဒိယပုစွန်တင်ပို့သူများသည် အမေရိကန်ဈေးကွက်ရှိ အီကွေဒေါ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်နိုင်ရန် ရုန်းကန်ရမည့်အခြေအနေရှိနေကြောင်း သိရှိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိန္ဒိယအား ရုရှားနှင့် စီးပွားရေးလုပ်ကိုင်သည်ဟု ဆိုကာ အခွန်များတိုးမြှင့်ကောက်ခံနေသော်လည်း ရုရှားဈေးကွက်သည် အိန္ဒိယ ပုဇွန်တင်ပို့သူများအတွက် သက်သာရာရစေနိုင်သည်ဟု သတင်းရင်းမြစ်များက ပြောကြားထားသည်။

ပက်ထရူရှက်ဗ်သည် စိုက်ပျိုးရေးကိစ္စများတွင် ၁၀ နှစ်နီးပါးခန့် အထူးပြုဆောင်ရွက်ခဲ့သူဖြစ်ပြီး  ယခင်က ရုရှားအမျိုးသားလုံခြုံရေးအကြံပေးအဖွဲ့ (NSA) ဥက္ကဋ္ဌဖြစ်ခဲ့သူ နီကိုလိုင်းပက်ထရူရှက်ဗ်၏သားလည်းဖြစ်ကာ  အိန္ဒိယထုတ်ကုန်များ ရုရှားသို့ တင်ပို့မှုကို အလေးပေးဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်ရေးမြှင့်တင်ဆောင်ရွက်နိုင်ရန်  အဓိကဝန်ကြီးများနှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ် ပထမခြောက်လအတွင်း ရုရှား၏ အိန္ဒိယသို့ ဓာတ်မြေသြဇာတင်ပို့မှုသည် ၂၀% တိုးတက်ကာ တန်ချိန် ၂.၅ သန်းအထိ ရှိလာခဲ့ကြောင်း၊ ရုရှား ဓာတ်မြေသြဇာထုတ်လုပ်သူများအသင်း (RAFP) ၏ ဥက္ကဋ္ဌ အန်ဒရေးဂူရီယက်က "ပထမ ခြောက်လအတွင်း အိန္ဒိယ၏ စုစုပေါင်းဓာတ်မြေသြဇာ တင်သွင်းမှုအတွင်း ရုရှားဓာတ်မြေသြဇာ၏ ဝေစုသည် ၃၃% အထိ တိုးတက်လာကာ မှတ်

Agribusiness & Trade

တမ်းသစ်တင်ခဲ့ကြောင်း၊ ဆိုလိုသည်မှာ အိန္ဒိယမှ တင်သွင်းသော ဓာတ်မြေဩဇာ (၃) တန်ရှိလျှင် (၁) တန်သည် ရုရှားမှဖြစ်နေပြီဟု ဆိုလိုခြင်းဖြစ်ကြောင်း မကြာသေးမီက ပြောကြားခဲ့သည်။

ဓာတ်မြေဩဇာတင်ပို့မှုသည် ပြီးခဲ့သည့် လေးနှစ်အတွင်း အိန္ဒိယ-ရုရှား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု၏ အဓိကရလဒ်တစ်ခုဖြစ်ကြောင်း၊ တိုးမြှင့်တင်ပို့နိုင်မှုတွင် DAP နှင့် အခြား NPK ဓာတ်မြေဩဇာများကဲ့သို့သော ဖော့စ်ဖောရပ်စ်ပါဝင်သည့် ဓာတ်မြေဩဇာများ ပါဝင်ကြောင်း သိရှိရသည်။

ရုရှား၏စိုက်ပျိုးရေးနှင့်ဆက်စပ်ဈေးကွက်များတွင် ချိတ်ဆက်ဆောင်ရွက်နေသည့် အိန္ဒိယလုပ်ငန်းရှင် ဦးရေသည် ၁,၀၀၀ အထိ ရှိလာပြီဖြစ်ကာ ဤကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အလားအလာများစွာရှိကြောင်းလည်း သိရှိရသည်။

ဝန်ကြီးချုပ်နရန်ဒြာမိုဒီက ကြာသပတေးနေ့တွင် World Food India ကုန်စည်ပြပွဲကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါအခမ်းအနားသို့ ရုရှားဒုတိယဝန်ကြီးချုပ် ပက်ထရူရှက်ဗ်အပြင်၊ ရုရှားနိုင်ငံမှ ဝန်ကြီးများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးနှင့်အဝေးပြေးလမ်းများဝန်ကြီး နိတ္တိန်ဂါဒ်ကာရီ၊ အစားအသောက်ထုတ်လုပ်ရေးလုပ်ငန်းများဝန်ကြီး ချိရာဂ်ပါစဝန်နှင့် မီးရထားဝန်ကြီးဌာနဝန်ကြီး ရာ့ဗ်နီတ်ဆိန်းဘီတူတို့လည်း ပါဝင်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံ၏ နိုင်ငံတကာစားသောက်ကုန် ကုန်စည်ပြပွဲသို့ ရုရှားနိုင်ငံမှ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်ခဲ့မှုနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားနေမှုအခြေအနေအား သိရှိနိုင်ပါရန်နှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ယခုကဲ့သို့သော ကုန်စည်ပြပွဲများတွင် ကိုယ်စားလှယ်အဖွဲ့များစေလွှတ်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်နယ်ပယ်ကဏ္ဍများအား လေ့လာဖော်ထုတ် ဆွေးနွေးခြင်းများ ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Russian Deputy PM Dmitry Patrusshev eyes JVs with India in Agriculture, The Economic Times, September 25, 2025.

……………………………………………………………………………………………..

## ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) သည် အိန္ဒိယအပါအဝင် အာရှရှိ အသေးစားကော်ဖီစိုက်ပျိုးသူများကို ပံ့ပိုးရန် ECOM အား အမေရိကန်ဒေါ်လာ ၇၅ သန်း ချေးငွေ ပေးအပ်

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (Japan International Cooperation Agency-JICA) သည် ECOM Agroindustrial Corp Ltd (ECOM) နှင့် ၎င်း၏လက်အောက်ခံဖြစ်သော ECOM Agroindustrial Asia Pte Ltd (EAA) တို့နှင့် ပူးပေါင်း၍ အိန္ဒိယနိုင်ငံအပါအဝင် အာရှဒေသရှိ အသေးစားကော်ဖီစိုက်ပျိုးသူများကို ပံ့ပိုးရန်အတွက် အမေရိကန်ဒေါ်လာ ၇၅ သန်းအထိ ချေးငွေတစ်ရပ် အားပေးအပ်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂ ရက်နေ့က ဖော်ပြသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ပူးတွဲငွေကြေးထောက်ပံ့ထားသော အဆိုပါ အစီအစဉ်သည် JICA ၏ ပထမဆုံးသော သီးသန့်လည်ပတ်မှုအရင်းအနှီးချေးငွေဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသရှိ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထောက်ပံ့ရေးကွင်းဆက်များကို အားကောင်းလာစေရန် ရည်ရွယ်သည်။ အဆိုပါ စီမံကိန်းသည် အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ Papua New Guinea နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ အသေးစားတောင်သူ ၆၀,၀၀၀ ကျော်ထံမှ ကော်ဖီများကို တည်ငြိမ်စွာ ဝယ်ယူနိုင်ရန် ကိစ္စအား လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေများကို တောင်သူများထံမှ ကော်ဖီဝယ်ယူရန်၊ ကော်ဖီအသိအမှတ်ပြု လက်မှတ်များပံ့ပိုးပေးရန်၊ ရာသီဥတုပြောင်းလဲမှု လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်သည့် စီမံကိန်းများနှင့် အမျိုးသမီးတောင်သူများအား စိုက်ပျိုးရေးအကူအညီများ ပေးအပ်ခြင်းကဲ့သို့သော အကြံပေးဝန်ဆောင်မှုများ ပေးအပ်ရန်အတွက် အသုံးပြုမည်ဖြစ်ပြီး၊ ယင်းသို့ ဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်း ကော်ဖီတန်ဖိုးကွင်းဆက်အတွင်း ရာသီဥတုဒဏ်ခံနိုင်ရည်ကို မြှင့်တင်ပေးကာ ကျား-မ တန်းတူညီမျှမှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ချေးငွေသည် အိန္ဒိယနိုင်ငံ၏ "တောင်သူဝင်ငွေနှစ်ဆတိုးရေး" မစ်ရှင်နှင့် ဂျပန်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိပြီး Apulia G7 ခေါင်းဆောင်များ၏ ထုတ်ပြန်ချက်နှင့် "စိုက်ပျိုးရေးဆိုင်ရာထောက်ပံ့ရေးကွင်းဆက်နှင့် စားနပ်ရိက္ခာဖူလုံမှု တိုးတက်ရေး ပံ့ပိုးကူညီမှု အစီအစဉ် (Facility for Supporting Agricultural Supply Chain and Food Security Enhancement-SAFE)" တို့တွင်လည်း အလေးပေးဖော်ပြထားကြောင်း သိရသည်။

Agribusiness & Trade

၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှု၏ ၃ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့အဌမမြောက် ကော်ဖီအများဆုံးထုတ်လုပ်သည့် အိန္ဒိယနိုင်ငံ၏ ကော်ဖီလုပ်ငန်းသည် လူဦးရေ ၂ သန်းကျော်ကို အလုပ်အကိုင်ပေးအပ်ထားပြီး အိန္ဒိယကော်ဖီတောင်သူ ၉၈ ရာခိုင်နှုန်းမှာ အသေးစားစိုက်ပျိုးသူများ ဖြစ်ကြကြောင်း သိရသည်။

JICA ၏ ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ YASUI Takehiro က ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးကုန်သွယ်ရေးဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းဖြစ်သည့် ECOM အဖွဲ့နှင့်အတူ အဆိုပါ ချေးငွေကို စတင်နိုင်သည့်အတွက် ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။ ၎င်းက JICA ၏ ရန်ပုံငွေအစီအစဉ်များကို အလားတူ ထောက်ပံ့ရေးကွင်းဆက်လုပ်ငန်းများကို ပံ့ပိုးရန်နှင့် အာရှ-ပစိဖိတ်ဒေသရှိ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု၊ ကျား-မ မတူညီမှုနှင့် ရာသီဥတုဒဏ်ခံရမှုကဲ့သို့သော အရေးကြီးသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ချဲ့ထွင်ဆောင်ရွက်သွားမည့် ကတိကဝတ်ကို အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့်လည်း အာရှနိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ အဆိုပါ JICA ၏ ရန်ပုံငွေ အစီအစဉ်များကို ရရှိမည်ဆိုပါက အသေးစားကော်ဖီစိုက်တောင်သူများပါဝင်သော ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူရရှိကာ ကော်ဖီပို့ကုန်တိုးတက်မှုမှတစ်ဆင့် နိုင်ငံ့ပို့ကုန်ဝင်ငွေ တိုးတက်ရရှိနိုင်ပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: The Hindu Businessline, JICA extends $75 million loan to ECOM to support small coffee growers in Asia, including India, October 2, 2025.

## သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသော ထိခိုက်မှု အန္တရာယ်နှင့် ကြုံတွေ့ရသည့် ဒါဂျီလင် (Darjeeling) လက်ဖက်လုပ်ငန်း

ဆယ်စုနှစ်တစ်ဝက်ကြာ ငွေကြေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသော ဒါဂျီလင် လက်ဖက်လုပ်ငန်းသည် သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသော ထိခိုက်မှုအန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၇ ရက်နေ့က ဖော်ပြသည်။

ယခုလ ၅ ရက် (တနင်္ဂနွေနေ့) ညတစ်ညတည်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆိုပါ တောင်ကုန်းဒေသများ၌ ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံး မြေပြိုမှုများဖြစ်ပွားခဲ့ပြီး၊ လက်ဖက်ခြံအများစုကို ပြင်းထန်စွာထိခိုက်စေခဲ့ကာ လက်ဖက်ပင်ထောင်ပေါင်းများစွာ ရေထဲမျောပါသွားခဲ့ကြောင်း သိရသည်။

ဒါဂျီလင် လက်ဖက်စိုက်ပျိုးသူများအတွက် နှစ်စဉ်ထွက်ရှိသော လက်ဖက်ထုတ်လုပ်မှု၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်ရှိသည့် အရည်အသွေးမြင့် ဆောင်းဦးရာသီ လက်ဖက်ထွက်ကုန်များမှာ လုံးဝပျက်စီးသွားခဲ့ကြောင်း သိရသည်။

ဒါဂျီလင် လက်ဖက်ခြောက်များကို ရောင်းချသည့် တစ်ခုတည်းသော ကော်လ်ကတ္တား လေလံဗဟိုဌာနတွင် ယခုသီတင်းပတ်မှစ၍ နောက်ထပ် သုံးကြိမ်ရောင်းချရန်သာ လက်ဖက်ခြောက်များကျန်ရှိနေသောကြောင့် ကမ္ဘာကျော် ရနံ့မွှေးကြိုင်သော လက်ဖက်ခြောက်များ၏ လေလံဈေးနှုန်းများ မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

Chamong အဖွဲ့၏ ဥက္ကဋ္ဌ Ashok Kumar Lohia က Businessline သတင်းဌာနသို့ ပြောကြားရာတွင် "လက်ဖက်ခြံများရဲ့ ၇၅ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းနီးပါးဟာ ရေကြီးမှုနဲ့ မြေပြိုမှုတွေကြောင့် အကြီးအကျယ် ထိခိုက်ခဲ့ရပါတယ်။ တောင်ကုန်းတွေမှာ လူတွေအများအပြား သေဆုံးခဲ့ကြပါတယ်။ ဒါဂျီလင်မှာ ကျွန်တော်တို့ရဲ့ လက်ဖက်ခြံ ၁၄ ခြံ ရှိပါတယ်။ လက်ရှိအချိန်အထိ ကျွန်တော်တို့ရဲ့ လက်ဖက်ခြံအလုပ်သမားသုံးဦး မြေပြိုမှုကြောင့် သေဆုံးခဲ့တယ်ဆိုတဲ့ သတင်းရရှိထားပါတယ်။ လက်ဖက်ပင်တွေလည်း ရေထဲမျောပါသွားခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

မြောက်ဘင်္ဂလားဒေသ ရေကြီးမှုတွင် သေဆုံးသူဦးရေ ၂၈ ဦးအထိ မြင့်တက်လာပြီး၊ အောက်တိုဘာလ ၄ ရက်နှင့် ၅ ရက်နေ့များတွင် ဒါဂျီလင်ခရိုင်၌ မြေပြိုမှုကြောင့် ၂၃ ဦးအထိ သေဆုံးခဲ့ကြောင်း သိရသည်။

"ဒီတစ်ကြိမ် တောင်ကုန်းတွေမှာ ဖြစ်ပွားတဲ့ သဘာဝဘေးအန္တရာယ်ရဲ့ ပြင်းထန်မှုဟာ ၁၉၆၈ ခုနှစ်ကဖြစ်ပွားခဲ့ဖူးတဲ့ အကြီးစားလျှောင်နဲ့သာ နှိုင်းယှဉ်လို့ရနိုင်ပါတယ်။ မြေပြိုမှုတွေကြောင့် လက်ဖက်ချုံတွေ အများအပြား ရေထဲမျောပါသွားခဲ့ပြီး လက်ဖက်ထုတ်လုပ်မှုအပေါ် ရေရှည်သက်ရောက်မှုတွေ ဖြစ်ပေါ်စေပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။ ၎င်းက ဆက်လက်၍ "လက်ဖက်ချုံအသစ်

တွေဟာ အစောပိုင်းကာလမှာ အထွက်နှုန်းနည်းပြီး ယေဘုယျအားဖြင့် ငါးနှစ်ကြာပြီးမှသာ အထွက်နှုန်းတက်လာတာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

အိန္ဒိယလက်ဖက်ဘုတ်အဖွဲ့၏ အချက်အလက်များအရ ဒါဂျီလင်ဒေသ၏ လက်ဖက်ထုတ်လုပ်မှုသည် ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၆ ဒသမ ၀၁ သန်း ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၅ ဒသမ ၆၀ သန်းသို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

Bagaria အဖွဲ့၏ ဥက္ကဋ္ဌ S.S. Bagaria က ရုတ်တရက် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားပြီးနောက် တောင်ကုန်းဒေသများတွင် "အလုံးစုံပျက်သုဉ်းမှု (Total disaster)" ဖြစ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ၎င်းက ထပ်လောင်းပြောကြားရာတွင် "ဒီအဖြစ်အပျက်ကြောင့် ကျွန်တော်တို့ လက်ဖက်တန်ချိန် ၀ ဒသမ ၅ သန်း ဆုံးရှုံးခဲ့ရပါတယ်။ လက်ဖက်ချုံအဟောင်းတွေ အများအပြား ရေထဲမျောပါသွားတဲ့အတွက် ထုတ်လုပ်မှုကလည်း ရေရှည်မှာ ထိခိုက်မှုရှိလာမှာပါ" ဟု ပြောကြားခဲ့သည်။

ဒါဂျီလင် လက်ဖက်ထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၆ သန်းအောက်သို့ ကျဆင်းခဲ့ပြီး၊ မကြာသေးမီကာလ သမိုင်းတစ်လျှောက်တွင် အနိမ့်ဆုံးထုတ်လုပ်မှု ဖြစ်လာနိုင်ကြောင်းနှင့် အဆိုပါ ထုတ်လုပ်မှုသည် ဆိုးရွားသော ရာသီဥတုအခြေအနေများကြောင့် ပြင်းထန်စွာ ထိခိုက်ခဲ့ကြောင်း သိရသည်။

မြေပြိုမှုများနှင့် ရုတ်တရက် ရေကြီးမှုများကြောင့် လမ်းများပိတ်ဆို့ကာ တံတားများ ရေနှင့်အတူ မျောပါသွားခဲ့သောကြောင့် ဒါဂျီလင် လက်ဖက်ခြောက်များ ဖြန့်ဖြူးရေးအတွက် အဓိက စိုးရိမ်စရာဖြစ်နေကြောင်း သိရသည်။

ကော်လ်ကတ္တားလက်ဖက်ခြောက်ကုန်သည်များအသင်း (Calcutta Tea Traders Association) အတွင်းရေးမှူး Kalyan Sundaram က businessline သတင်းဌာနသို့ ပြောကြားရာတွင် "ယခုလ ၉ ရက်နေ့မှာ ကျင်းပမယ့် ဒီတစ်ပတ် အရောင်းအတွက် ဒါဂျီလင် လက်ဖက်ခြောက်တွေ ရောက်ရှိနေပါပြီ။ ကျွန်တော်တို့မှာ ယခုလ ၁၄ ရက်နဲ့ ၂၄ ရက်နေ့တွေမှာ စီစဉ်ထားတဲ့ အရောင်းအတွက်လည်း စတော့ခ်တွေရှိနေပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ လက်ဖက်ခြောက်တွေ ရောက်ရှိလာဖို့ လိုပါတယ်။ ဘယ်အချိန်မှာ ရောက်ရှိလာမလဲဆိုတာ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ အောက်တိုဘာလအတွက် နောက်ဆုံးအရောင်းကို ယခုလ ၂၉ ရက်နေ့မှာ စီစဉ်ထားပါတယ်" ဟု ပြောကြားခဲ့သည်။

Agribusiness & Trade

ဒါဂျီလင်ဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း (၆၇၁၀) ခန့် အမြင့်တွင် တည်ရှိပြီး၊ တောင်ကုန်းထူထပ်ကာ အေးမြသောရာသီဥတုအခြေအနေကြောင့် လက်ဖက်ပင်များ စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသတစ်ခုဖြစ်ပါသည်။ ဒါဂျီလင် လက်ဖက်အချိုခြောက်သည် ကမ္ဘာတွင် နာမည်ကြီးပြီး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပထဝီဒေသဆိုင်ရာ အညွှန်းကိန်း မှတ်ပုံတင် (Registration of Geographical Indication-GI) ဖြင့် ကာကွယ်ထားသည်။ ယခုအခါ မိုးသည်းထန်စွာရွာသွန်းမှု၊ မြေပြိုမှု၊ ရေကြီးရေလျှံမှုစသည့် သဘာဝဘေးန္တရာယ်များနှင့် ရင်ဆိုင်နေရပြီး လက်ဖက်စိုက်ခင်းများထိခိုက်ကာ လက်ဖက်ခြောက်အထွက်နှုန်းကျဆင်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။

သို့ပါ၍ မြန်မာနိုင်ငံမှ လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအနေဖြင့်လည်း လက်ဖက်တန်ဖိုးကွင်းဆက်တစ်လျှောက်တွင် သဘာဝဘေးအန္တရာယ်အတွက် စဉ်းစား၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများပြုလုပ်သင့်ပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Darjeeling floods and landslides: Premium autumn crop totally washed out, supply of tea remains major worry, October 7, 2025.

## **ယူကေနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ သုံးနှစ်အတွင်း တတိယအကြီးဆုံး စီးပွားရေးနိုင်ငံ ဖြစ်လာမည့် ခရီးစဉ်တွင် အကောင်းဆုံး မိတ်ဖက်အဖြစ် ပါဝင်ရန် အသင့်တော်ဆုံးဟု ယူကေဝန်ကြီးချုပ်ပြောကြား**

အိန္ဒိယနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ယူကေနိုင်ငံ ဝန်ကြီးချုပ် Keir Starmer က ယူကေနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ သုံးနှစ်အတွင်း တတိယအကြီးဆုံး စီးပွားရေးနိုင်ငံ ဖြစ်လာမည့် ခရီးစဉ်တွင် အကောင်းဆုံး မိတ်ဖက်အဖြစ်ပါဝင်ရန် အသင့်တော်ဆုံး ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယူကေနိုင်ငံ ဝန်ကြီးချုပ် Keir Starmer က "အိန္ဒိယနိုင်ငံသည် ၂၀၂၈ ခုနှစ်တွင် တတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်လာရန် လမ်းကြောင်းပေါ်တွင် ရှိနေပြီး၊ ယူကေနိုင်ငံသည် အဆိုပါ ခရီး

စဉ်တွင် မိတ်ဖက်အဖြစ် ပါဝင်ရန် အကောင်းဆုံးအနေအထားတွင် ရှိနေသည်" ဟု မွန်ဘိုင်းမြို့တွင် ရောက်ရှိစဉ်က ပြောကြားခဲ့သည်။

အိန္ဒိယ-ယူကေ ကုန်သွယ်မှုသဘောတူညီချက်သည် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သိပ္ပံပညာရပ်များမှသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အထိ နယ်ပယ်အသီးသီးတွင် ဗြိတိန်၏ ဦးဆောင်မှုကို မြှင့်တင်ရန်အတွက် စတင်ရာနေရာ (launchpad) ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပြီး၊ ၎င်းတို့ နှစ်နိုင်ငံအနေဖြင့် ယူကေ-အိန္ဒိယ နည်းပညာလုံခြုံရေး အစီအစဉ်ကိုလည်း နက်ရှိုင်းစွာ တိုးမြှင့်လျက်ရှိကြကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ယခုလ ၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် အိန္ဒိယနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာသော ဗြိတိန်ဝန်ကြီးချုပ်က အိန္ဒိယဝန်ကြီးချုပ် Narendra Modi နှင့်အတူ ရုရှား-ယူကရိန်း ပဋိပက္ခအရေးကိုလည်း ဆွေးနွေးခဲ့ကြပြီး၊ အဆိုပါ ပဋိပက္ခအဆုံးသတ်ရန် အာရုံစိုက်သည့် နှစ်နိုင်ငံစလုံးက လိုချင်သော ရလဒ်များကို ရှာဖွေခဲ့ကြကြောင်း သိရသည်။

သမ္မတ Trump ၏ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်နှင့် ပတ်သက်၍ ၎င်းက အဆိုပါ သဘောတူညီချက်သည် စစ်မှန်သောတိုးတက်မှုတစ်ရပ် ဖြစ်သည်ဟု ပြောကြားခဲ့သည်။

"အဲဒီအစီအစဉ်ဟာ ဓားစာခံများနှင့် ၎င်းတို့၏ မိသားစုများ၊ ဂါဇာရှိ အရပ်သားပြည်သူများအတွက် သာမက တစ်ကမ္ဘာလုံးအတွက်ပါ နက်နဲသော စိတ်သက်သာရာရမှုတစ်ခု ဖြစ်လာမှာပါ။ ကျွန်တော်တို့အနေနှင့် အဆိုပါ သဘောတူညီချက်ကို အပြည့်အဝနှင့် နှောင့်နှေးမှုမရှိဘဲ အကောင်အထည်ဖော်နိုင်ရန် မိတ်ဖက်များနှင့်အတူ လုပ်ဆောင်သွားမည်" ဟု ၎င်းက ပြောကြားခဲ့သည်။

၎င်းသည် အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးမြို့တော်ဖြစ်သော မွန်ဘိုင်းမြို့၌ ယခုလ ၉ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် ဝန်ကြီးချုပ် Narendra Modi နှင့် တွေ့ဆုံခဲ့သည်။ ခေါင်းဆောင်နှစ်ဦးသည် အချင်းချင်းလက်ဆွဲနှုတ်ဆက်ကာ ခင်မင်ရင်းနှီးစွာ စကားပြောဆိုခဲ့ကြကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့တွင် ၎င်းသည် မွန်ဘိုင်းမြို့၌ ကျယ်ပြန့်သော အပြန်အလှန် ဆွေးနွေးမှုများစွာကို ပြုလုပ်ခဲ့ကာ စီးပွားရေးခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး အိန္ဒိယ-ယူကေ ကုန်သွယ်မှုမိတ်ဖက်ဆက်ဆံရေးကို "အမှန်တကယ် အရေးကြီးသည်" ဟု ဖော်ပြပြောဆိုခဲ့ကြောင်း သိရသည်။

စက်မှုကဏ္ဍမှ ကိုယ်စားလှယ်များနှင့် ပြုလုပ်သော အပြန်အလှန်ဆွေးနွေးပွဲတစ်ခုတွင် ၎င်းက "ယခုခရီးစဉ်က ယူကေနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ယခင်က စေလွှတ်ခဲ့ဖူးသမျှ ကုန်သွယ်ရေးခရီးစဉ်များအနက် အကြီးဆုံးခရီးစဉ်တစ်ခုဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

၎င်းက ၎င်း၏ အဆိုပါ ခရီးစဉ်သည် ယခုနှစ်အစောပိုင်းက ဝန်ကြီးချုပ် Narendra Modi ယူကေနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၏ "အပြန်အလှန် လည်ပတ်ခြင်း" ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

ယခုနှစ် ဇူလိုင်လတွင် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သော လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် (FTA) ကို "အမှန်တကယ် အရေးကြီးသည်" ဟု ပြောကြားကာ ၎င်းက “ဒါဟာကျွန်တော်တို့ ဥရောပသမဂ္ဂမှ ထွက်ခွာပြီးနောက်ပိုင်းချုပ်ဆိုခဲ့သည့် အကြီးဆုံး သဘောတူညီချက်တစ်ခုဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှ ချုပ်ဆိုခဲ့ဖူးသမျှ သဘောတူညီချက်များအနက် အကြီးဆုံးဖြစ်သည်ဟုလည်း ကျွန်တော်ထင်မြင်မိပါတယ်။ ဒါကြောင့် ဒါဟာ အလွန်ပဲအရေးကြီးပါတယ်။" ဟု ပြော ကြားခဲ့သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: Economic Times, India on track to become 3rd largest economy, UK perfectly placed to be partner in journey: Keir Starmer, October 9, 2025.

## ရုရှားသည် ဓာတ်ဆီနှင့် ဒီဇယ်ဆီတင်ပို့မှုကို နှစ်ကုန်အထိတားမြစ်

ရုရှားအစိုးရသည် ပြည်တွင်းလောင်စာဆီဈေးကွက်တွင် တည်ငြိမ်သော အခြေအနေကို ဆက်လက်ထိန်းသိမ်းရန်အတွက် ဓာတ်ဆီတင်ပို့မှုအားလုံးနှင့် ဒီဇယ်ဆီထုတ်လုပ်မှု မရှိသူများအတွက် ဒီဇယ်ဆီတင်ပို့မှုကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ယာယီတားမြစ်ချက်ကို ချမှတ်ခဲ့ကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် Mr. Alexander Novak က ပြောကြားခဲ့သည်။

ဓာတ်ဆီတင်ပို့မှု တားမြစ်ချက်ကို နှစ်ကုန်အထိ သက်တမ်းတိုးခြင်းဖြစ်ကြောင်း၊ ဒီဇယ်ဆီတင်ပို့မှုတားမြစ်ချက်သည် ဒီဇယ်ထုတ်လုပ်မှုမရှိသူများအတွက် အကျုံးဝင်ကြောင်း၊ ယင်းသို့ ပိတ်

ပင်တားမြစ်ခြင်းသည် အစိုးရအချင်းချင်း သဘောတူညီချက်များအောက်တွင် လောင်စာဆီထောက်ပံ့မှုကို သက်ရောက်မှုရှိမည်မဟုတ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

ယခင်တွင် ဓာတ်ဆီတင်ပို့မှု တားမြစ်ချက်ကို စက်သုံးဆီလုပ်ငန်း ထုတ်လုပ်သူများအတွက် စက်တင်ဘာလကုန်အထိ သက်တမ်းရှိခဲ့ပြီး ထုတ်လုပ်မှုမရှိသူများအတွက် အောက်တိုဘာလကုန်အထိ သက်တမ်းရှိခဲ့သော်လည်း ယခုအခါ ဓာတ်ဆီတင်ပို့မှုအားလုံးကို နှစ်ကုန်အထိ သက်တမ်းတိုးခဲ့ခြင်းဖြစ်၍ ပို့ကုန်လုပ်ငန်းရှင်များအားလုံးနှင့် အကျုံးဝင်မည် ဖြစ်သည်။

ရုရှားနိုင်ငံသည် ဥရောပအာရှစီးပွားရေးသမဂ္ဂ (EAEU) အဖွဲ့ဝင် နိုင်ငံများမှလွဲ၍ အခြားနိုင်ငံများသို့ ဓာတ်ဆီတင်ပို့မှုတားမြစ်ချက်ကို ပြည်တွင်းဈေးကွက်တည်ငြိမ်စေရန် ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်မှ စတင်ကျင့်သုံးခဲ့သည်။ ယင်းတားမြစ်ချက်ကို လိုအပ်သလို သက်တမ်းတိုးဆောင်ရွက်ခဲ့သော်လည်း ဒီဇယ်ဆီတင်ပို့မှုကို တားမြစ်ခဲ့ခြင်းမရှိခဲ့ပါ။ လက်ရှိအစိုးရ၏ လောင်စာဆီတင်ပို့မှု တားမြစ်ချက်သည် ဒီဇယ်ဆီတင်ပို့မှုကိုလည်း သက်ရောက်လာခဲ့သည်။

ဒီဇယ်ဆီထုတ်လုပ်မှု မရှိသူများအတွက် ဒီဇယ်ဆီတင်ပို့မှု တားမြစ်ချက်ကို အောက်တိုဘာ ၁ ရက်မှ စတင်အသက်ဝင်ခဲ့ပြီး ဒီဇင်ဘာလ ၃၁ ရက်အထိ သက်တမ်းရှိမည် ဖြစ်သည်။ သို့သော် ဒီဇယ်ဆီထုတ်လုပ်သူများ၏ တိုက်ရိုက်တင်ပို့ရောင်းချမှုအပေါ် သက်ရောက်မှုမရှိကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://www.interfax.ru/russia/1050153

## ရုရှားရေနံကို အိန္ဒိယ ဆက်လက်ဝယ်ယူမည်

အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှု ဖိအားများကြောင့် အိန္ဒိယသည် မဟာဗျူဟာကျသော မဟာမိတ်ရုရှားထံမှ ရေနံဝယ်ယူမှုကို ရပ်တန့်မည်မဟုတ်ကြောင်း Vivekananda International Foundation မှ ဂုဏ်ထူးဆောင် Mr. Anil Trigunayat က Valdai International Discussion Club ၏ ၂၂ ကြိမ်မြောက် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

တစ်ဖက်သတ် စီးပွားရေးဖိအားများသည် ကုန်သွယ်မှုကို ထိခိုက်စေရုံသာမက ယေဘုယျအားဖြင့် တရားမဝင်ကြောင်း၊ အိန္ဒိယက တစ်ဖက်သတ် ပိတ်ဆို့အရေးယူမှုကို ပြင်းပြင်းထန်ထန် ဆန့်

ကျင်ကြောင်း၊ ဖိအားများရှိသော်လည်း ရုရှားထံမှ ရေနံကို ဆက်လက်ဝယ်ယူမှာဖြစ်ကြောင်း၊ ဝိတ်ဆို့အရေးယူမှုများကြားတွင် ရုရှားသည် အိန္ဒိယ၏ ယုံကြည်စိတ်ချရသည့် မဟာဗျူဟာမြောက် မိတ်ဖက်အဖြစ် ဆက်လက်ရှိနေမှာဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

Valdai International Discussion Club ၏ ၂၂ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ရုရှားနိုင်ငံ၊ ဆိုချီမြို့တွင် စက်တင်ဘာလ ၂၉ ရက်မှ အောက်တိုဘာလ ၂ ရက်အထိ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသို့ ဗြိတိန်၊ အိန္ဒိယ၊ ဂျာမနီ၊ တရုတ်၊ မလေးရှား၊ ပါကစ္စတန်၊ တောင်အာဖရိကတို့မှ ပညာရှင်များအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော် ပါဝင်တက်ရောက်ခဲ့သည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://www.angi.ru/news/2928348-Эксперт

## အိန္ဒိယနိုင်ငံနှင့် ဥရောပသမဂ္ဂလွပ်လပ်စွာကုန်သွယ်မှုအသင်း (EFTA)တို့အကြား သမိုင်းဝင် ကုန်သွယ်မှု နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Trade and Economic Partnership Agreement -TEPA) စတင် အသက်ဝင်

အိန္ဒိယနိုင်ငံနှင့် ဥရောပသမဂ္ဂလွပ်လပ်စွာကုန်သွယ်မှုအသင်း (EFTA)တို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Trade and Economic Partnership Agreement -TEPA) သည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်၍ တရားဝင် အသက်ဝင်လာခဲ့ကြောင်းနှင့် အဆိုပါ သမိုင်းဝင် သဘောတူညီချက်သည် ၁၅ နှစ်တာကာလအတွင်း အလုပ်အကိုင် ၁ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုတို့ကို ကတိပြုထားကြောင်း The Pamphlet သတင်းဌာနက ယခုလ ၁ ရက်နေ့က ဖော်ပြသည်။

အဆိုပါ သဘောတူညီချက်သည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ဖန်တီးမှုတို့အတွက် ယခင်က မကြားဖူးသော အခွင့်အလမ်းများကို ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ဥရောပအဆင့်မြင့် စီးပွားရေးနိုင်ငံ ၄ နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်ဆံရေးကို ခိုင်မာစေမည့်အပြင် အိန္ဒိယနိုင်ငံသားများနှင့် ကုမ္ပဏီများအတွက် အကျိုးရှိစေမည်ဖြစ်သည်။ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Piyush Goyal က အဆိုပါ ဖြစ်ပေါ်တိုးတက်မှုကို အမှန်တကယ်ပင် သမိုင်းဝင်ဖြစ်သည်ဟု ချီးကျူးပြောကြားခဲ့သည်။ ၎င်းသည် အိန္ဒိယနှင့် ဆွစ်ဇာလန်၊ နော်ဝေ၊ အိုက်စ

လန်နှင့် Liechtenstein နိုင်ငံတို့အကြားပြုလုပ်ခဲ့သည့် ပထမဆုံး လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော အဆိုပါ ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုသဘောတူညီချက် (TEPA) သည် ပုံမှန်ချုပ်ဆိုသော ကုန်သွယ်ရေးသဘောတူညီမှုများနှင့် မတူညီကြောင်း၊ အဘယ်ကြောင့်ဆိုသော် EFTA အဖွဲ့ဝင်နိုင်ငံများက အိန္ဒိယနိုင်ငံတွင် ၁၅ နှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် သဘောတူညီခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ အစိုးရ၏ ဘက်စုံပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များနှင့်အညီ အဆိုပါ သဘောတူညီချက်သည် အိန္ဒိယ၏ အရေးအကြီးဆုံး စီးပွားရေးပြဿနာများထဲမှတစ်ခုကို ဖြေရှင်းရန်အတွက် တိုက်ရိုက်အလုပ်အကိုင် ၁ သန်း ဖန်တီးပေးရန်လည်း ကတိပြုထားသည်။ ထို့အပြင် အဆိုပါ သဘောတူညီချက်ပါ ကျယ်ပြန့်သော အကောက်ခွန်လျှော့ချမှုကြောင့် သိသာထင်ရှားသော အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်အရ EFTA မှ အိန္ဒိယ၏ ပို့ကုန် ၉၉ ဒသမ ၆ ရာခိုင်နှုန်းကို သွင်းကုန်ခွန် များ ဖယ်ရှားခြင်း သို့မဟုတ် လျှော့ချခြင်းများ ပြုလုပ်ပေးမည်ဖြစ်ပြီး EFTA ၏ ပို့ကုန် ၉၅ ဒသမ ၃ ရာခိုင်နှုန်းကို အိန္ဒိယမှ သွင်းကုန်ခွန်များ ဖယ်ရှားခြင်း သို့မဟုတ် လျှော့ချခြင်းများ အပြန်အလှန်ပြုလုပ် ပေးမည်ဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးရေးမဟုတ်သော ကုန်ပစ္စည်းများအတွက် ၁၀၀ ရာခိုင်နှုန်း ဈေးကွက်ဝင်ရောက်ခွင့်နှင့် ပြုပြင်ပြီး စိုက်ပျိုးရေးထွက်ကုန်များအပေါ် အကောက်ခွန်လျှော့ပေါ့မှုများ ပေးအပ်ထားသည့် အဆိုပါမူဘောင်ကြောင့် တင်ပို့သူများနှင့် တင်သွင်းသူများအနေဖြင့် ပိုမိုတည်ငြိမ်သော စီးပွားရေးပတ်ဝန်းကျင်မှ အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ ကဏ္ဍအလိုက်ကြည့်ပါက လုပ်ငန်းအမျိုးမျိုးသည် ၎င်းသဘောတူညီချက်ကြောင့် အကျိုးကျေးဇူးခံစားရမည်ဖြစ်ကြောင်း သိရသည်။

အခြေခံအဆောက်အအုံ၊ စက်ယန္တရား၊ ဆေးဝါး၊ ဓာတုဗေဒ၊ အစားအသောက်ပြုပြင် ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုနယ်ပယ်များတွင် ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ခြင်းဖြင့် အဆိုပါ TEPA သည် “အိန္ဒိယနိုင်ငံတွင်ပြုလုပ်သည်” (“Make in India”) နှင့် Atmanirbhar Bharat (မိမိကိုယ်ကို မှီခိုအားထားရေး) ကို တိုးတက်စေမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ သဘောတူညီချက်သည် အိန္ဒိယ၏ စီးပွားရေး၊ အိုင်တီ၊ ပညာရေး၊ အသံနှင့် အမြင်ဆိုင်ရာ ဝန်ဆောင်မှု (Audio-visual services) ပို့ကုန်များကို တိုး

Agribusiness & Trade

မြှင့်ရန်အတွက် အထူးကောင်းမွန်သော အနေအထားတွင်ရှိပြီး အဆင့်မြင့် ဥရောပဈေးကွက်များတွင် အိန္ဒိယစီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရန် တံခါးဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်တွင် ပညာရှင်များ ရွှေ့ပြောင်းသွားလာနိုင်မှု (Professional mobility ) လည်း အကျုံးဝင်မှုရှိသည့်အတွက် ဗိသုကာပညာ၊ စာရင်းကိုင်ပညာနှင့် သူနာပြုလုပ်ငန်းနယ်ပယ်များရှိ အိန္ဒိယပညာရှင်များအတွက် အပြန်အလှန် အသိအမှတ်ပြုမှု အစီအစဉ်များ (Mutual Recognition Arrangements-MRAs) မှတစ်ဆင့် ရွှေ့ပြောင်းသွားလာနိုင်ရန် တံခါးဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းနှင့် ကျွမ်းကျင်သော အိန္ဒိယပညာရှင်များ ရွှေ့ပြောင်းသွားလာနိုင်မှုအတွက် အတားအဆီးများကို ဖယ်ရှားပေးပြီး တန်ဖိုးမြင့်ထုတ်လုပ်မှုကဏ္ဍများတွင် အခွင့်အလမ်းများ ဖန်တီးပေးမည်ဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရန်၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို မြှင့်တင်ရန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ life sciences၊ အင်ဂျင်နီယာနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနယ်ပယ်များတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်ရန်အတွက် ပြတင်းတစ်ပေါက်တည်းစနစ် (Single-window platform) တစ်ခုကို တည်ထောင်ထားကြောင်း သိရသည်။ အဆိုပါ သဘောတူညီချက်သည် လွတ်လပ်စွာဆောင်ရွက်နိုင်ခြင်း (Liberalization) ကို လက်ခံထားသော်လည်း အထိခိုက်မခံနိုင်သော ပြည်တွင်းအကျိုးစီးပွားများအတွက် ကာကွယ်မှုများ ပါဝင်ကြောင်း သိရသည်။ လယ်ယာစိုက်ပျိုးရေးအသိုင်းအဝိုင်းများနှင့် ထိခိုက်လွယ်သော ကဏ္ဍများကာကွယ်ရန် နို့ထွက်ပစ္စည်း၊ ပဲပုပ်၊ ကျောက်မီးသွေးနှင့် ထိခိုက်လွယ်သော စိုက်ပျိုးရေးထွက်ကုန်များကဲ့သို့သော လုပ်ငန်းများသည် ကင်းလွတ်ခွင့်စာရင်းတွင် ဆက်လက်ပါဝင်နေကြောင်း တွေ့ရှိရသည်။

အဆိုပါ အိန္ဒိယ-EFTA ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် အကောက်ခွန်ကင်းလွတ်ခွင့်ပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှု ကတိကဝတ်များနှင့်အတူ အလုပ်အကိုင်ဖန်တီးမှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုအခွင့်အလမ်းများ ပေါင်းစပ်ပါဝင်မှုကြောင့် ပုံမှန်ချုပ်ဆိုသည့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များထက် သာလွန်သော ဘက်စုံပါဝင်သည့် မူဘောင်တစ်ရပ်ကို ဖန်တီးပေးလျက်ရှိကြောင်း သိရသည်။

သို့ပါ၍ အဆိုပါ သဘောတူညီချက် အသက်ဝင်လာသည်နှင့်အမျှ အိန္ဒိယနိုင်ငံသည် ၎င်း၏ စီးပွားရေးတိုးတက်မှုကို အရှိန်မြှင့်တင်ရန်၊ အရည်အသွေးရှိသော အလုပ်အကိုင်များ ဖန်တီးရန်နှင့်

ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဗဟိုချက်ဖြစ်လာစေရန် စသည့် ၎င်း၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အသင့်အနေအထားတွင် ရှိလာနေပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ အနေဖြင့်လည်း အလားတူ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်အသစ်များကို ပြုလုပ်ဆောင်ရွက် နိုင်မည်ဆိုပါက နိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်မည့် အခွင့်အလမ်းများရရှိနိုင်မည် ဖြစ်ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Pamphlet, A Historic Milestone: The India-EFTA trade agreement comes into effect, read why this is a game changer, October 2, 2025.

……………………………………………………………………………………………

Agribusiness & Trade